| UMG Relentless Pursuit Of Excellence | POLICY FOR WELFARE | | Prepared by | Reviewed by | Approved by |
|---|---|---|---|---|---|
| | Document No : | Rev .No: 00 | | | |
| | Issue Date : | Rev. Date: 9-Sep-2021 | Hin Thar Soe | Sandar Sint Sint Htun | Chaw Yupar Seinn |

ရည်ရွယ်ချက်။ ။ UMG Group of Companies ၏ BU, BR, Div များတွင် တာဝန်ထမ်းဆောင်လျက် ရှိသော ဝန်ထမ်းများအတွက် ကုမ္ပဏီ အနေဖြင့် ဝန်ထမ်း၏လုပ်သက်ပေါ် မူတည်၍ သာရေး၊ နာရေး ထောက်ပံ့ကြေး ခံစားခွင့်များ နှင့် ပတ်သက်ပြီး ဂရုဏာ ကြေးခံစားခွင့်ပြုခြင်း။

၁) လုပ်သက် (၁) နှစ်ပြည့်ပြီး ဝန်ထမ်းသည် သားသမီးတစ်ဦး မွေးဖွားလျှင် ထောက်ပံ့ကြေးခံစားခွင့်အနေဖြင့် နှစ်သောင်းကျပ်တိတိ အားခံစားခွင့်ပြုမည်။ မိခင်၊ ဖခင် နှစ်ဦးစလုံးသည် UMG Group of Companies မှ ဝန်ထမ်းများ ဖြစ်ပါက တစ်ဦးသာ ခံစားခွင့်ရှိပါသည်။

၂) လုပ်သက် (၁) နှစ်ပြည့်ပြီး ဝန်ထမ်းတစ်ဦး၏ လက်ထပ်ထိမ်းမြားခြင်းအတွက် မင်္ဂလာဆောင်လက်ဖွဲ့အနေဖြင့် CEO/ Chairwoman မှ ငါးသောင်းကျပ်တိတိ၊ ကုမ္ပဏီ မှ နှစ်သောင်းကျပ်တိတိအား ခံစားခွင့်ပြုမည်။

၃) လုပ်သက် (၅) နှစ်ပြည့်ပြီး ဝန်ထမ်းတစ်ဦး၏ လက်ထပ်ထိမ်းမြားခြင်းအတွက် မင်္ဂလာဆောင်လက်ဖွဲ့အနေဖြင့် CEO/ Chairwoman မှ တစ်သိန်းကျပ်တိတိ၊ ကုမ္ပဏီ မှ ငါးသောင်းကျပ်တိတိအား ခံစားခွင့်ပြုမည်။

၄) သို့ရာတွင် ဝန်ထမ်း၏ မင်္ဂလာပွဲသို့ CEO/ Chairwoman တို့မှ ကိုယ်တိုင်တက်ရောက် ချီးမြှင့်ပြီး သီးသန့်လက်ဖွဲ့အား လက်ခံရရှိခဲ့ပါက Policy ပါအတိုင်း CEO/ Chairwoman မှ ပေးအပ်သော လက်ဖွဲ့ငွေအား ခံစားခွင့်မရှိပါ။

၅) လက်ထပ်ထိမ်းမြားသူ နှစ်ဦးစလုံးသည် UMG Group of Companies မှ ဝန်ထမ်းများဖြစ်ပါက တစ်ဦးသာ ခံစားခွင့်ရှိပါသည်။

၆) မြန်မာနိုင်ငံသား ဝန်ထမ်းများ လုပ်ငန်းတာဝန်ထမ်းဆောင် နေစဥ်အတွင်း နာမကျန်းဖြစ်၍ သော်လည်းကောင်း၊ ထိခိုက်ဒဏ်ရာ ရရှိ၍သော်လည်းကောင်း၊ အသက်ဆုံးရှုံးမှု ဖြစ်ပေါ်ပါက ကုမ္ပဏီမှ ဝန်ထမ်း အပေါ်စာနာ ထောက်ထားသောအား ဖြင့် ကျန်ရစ်သူ မိသားစုဝင်များအား အောက်ပါအတိုင်း ဂရုဏာကြေးငွေ ပေးအပ်မည်ဖြစ်ပါသည်။

| စဥ် | ရာထူး | လုပ်သက်နှစ် | ခံစားခွင့် ဂရုဏာကြေး |
|---|---|---|---|
| ၁ | Manager နှင့် အထက် | လုပ်သက် ၃ နှစ် နှင့် အထက် | ၁၀ သိန်း |
| ၂ | Manager နှင့် အထက် | လုပ်သက် ၃ နှစ် အောက် | (၁၀ ÷ ၃) × လုပ်သက်နှစ် |
| ၃ | Supervisor နှင့် အောက် | လုပ်သက် ၃ နှစ် နှင့် အထက် | ၅ သိန်း |
| ၄ | Supervisor နှင့် အောက် | လုပ်သက် ၃ နှစ် အောက် | (၅ ÷ ၃) × လုပ်သက်နှစ် |

မှတ်ချက် ။ ။ အစမ်းခန့် ကာလအတွင်း၌သာ ရှိနေသေးသော ဝန်ထမ်းများအားလုံး အတွက်ကိုမူ ထည့်သွင်းတွက်ချက်ပေးမည် မဟုတ်ပါ။

နိုင်ငံခြားသား ဝန်ထမ်းများအတွက် BOD ၏ ဆုံးဖြတ်ချက်အတိုင်း ဝန်ထမ်းရေးရာ ဌာနမှ ဆောင်ရွက်ပေးမည်ဖြစ်သည်။

| UMG<br>Relentless Pursuit Of Excellence | POLICY FOR WELFARE | | Prepared by | Reviewed by | Approved by |
|---|---|---|---|---|---|
| | | | | 9/1/2021 | |
| | Document No : | Rev .No: 00 | | | |
| | Issue Date : | Rev. Date: 9-Sep-2021 | Hin Thar Soe | Sandar Sint Sint Htun | Chaw Yupar Seinn |

၇) အစမ်းခန့်ကာလ ကျော်လွန်ပြီး ဖြစ်သော ဝန်ထမ်းများ၏ မိဘ၊ ဇနီး၊ ခင်ပွန်း နှင့် သားသမီး အရင်း တစ်ဦးဦး၏ နာရေးအတွက် ထောက်ပံ့ ကြေးခံစားခွင့် အနေဖြင့် CEO/ Chairwoman မှ တစ်သိန်းကျပ်တိတိ၊ ကုမ္ပဏီ မှ နှစ်သောင်းကျပ်တိတိအား ခံစားခွင့်ပြုပါမည်။

၈) အထက်ပါထောက်ပံ့ကြေးများအား ခံစားခွင့်တောင်းခံရာတွင် လိုအပ်သောအထောက်အထား စာရွက်စာတမ်းများအား ပြည့်စုံစွာဖြင့် သတ်မှတ် Form တွင်ဖြည့်စွက်ပြီး ရုံးပြန်လည်တက်ရောက်သည့် နေ့မှစ၍ (၂) ပတ်အတွင်း ဝန်ထမ်းရေးရာ ဌာနသို့ လျှောက်ထားရပါမည်။

၉) အထက်ပါ ထောက်ပံ့ကြေးများအား ခံစားခွင့်လျှောက်ထားသော ဝန်ထမ်းများသည် ထောက်ပံ့ခံစားခွင့် ပြုသည့်အချိန်အထိ UMG Group of Companies တွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းဖြစ်ရမည် ဖြစ်ပြီး လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဝန်ထမ်းမဟုတ်ပါက ထောက်ပံ့ကြေး ခံစားခွင့် များ ခံစားခွင့်မရှိပါ။